**ဒေါ်ယဉ်ယဉ်အောင် ( ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ အားလုံးပဲမင်္ဂလာပါရှင်။

ကျွန်မကတော့ ထီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင် ဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒု - ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်း မေတ္တာပို့အပ်ပါတယ်ရှင့်။

ကျွန်မမေးမယ့် မေးခွန်းကတော့ ထီးလင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အားကစားနည်းစနစ်မျုး လစ်လပ်နေရာအား ခန့်ထားပေးနိုင်မှု ရှိ/မရှိကို သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ထီးလင်းမြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ မီတာ(၄၀၀) အားကစားကွင်းဟာ မြေ ဧရိယာ(၅.၄၂၇)ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၁၃၉၂/ ၂၀၁၅)ဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့မှာ ဂရန်ရရှိပြီး ဖြစ်ပါတယ်။ အားကစားကွင်းအား ချိန်းလိတ်ကာရန်ထား ပြီးလည်း ဖြစ်ပါတယ်။ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံမှာ (၆)ဦးရှိပြီးတော့ လက်ရှိတွင် တာဝန်ထမ်းဆောင် နေသူမှာ (၄)ဦးသာရှိပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

အားကစားနှင့်ကာယပညာဦးစီးဌာန၏ ပြိုင်ပွဲဆု ရရှိမှုမှာ ၂၀၁၅ ခုနှစ်တွင် ပြေးခုန်ပစ်ပြိုင်ပွဲ တံခွန် စိုက်ဒိုင်း ဒုတိယရရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်တွင်လည်း (၂၅)မြို့နယ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲမှာ တံခွန်စိုက်ဒိုင်း(၂)ဆု ရခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ မကွေးတိုင်းကိုယ်စားပြုအဖြစ် ရရှိခဲ့တဲ့ဆုများမှာ ဝူရှူး ပထမဆု၊ လက်ဝှေ့ တတိယဆု၊ ပြေးခုန်ပစ် ကျား တတိယဆု၊ အမျိုးသမီးပြေးခုန်ပစ် သတ္တမဆုနှင့် ပဥ္စမ ဆုများရရှိခဲ့ပြီး အားကစားသမားများမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၂၅)မြို့နယ် လက်ဝှေ့ပြိုင်ပွဲမှာ တံခွန်စိုက်ဒိုင်း ပထမဆုရရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း မကွေးတိုင်းကိုယ်စားပြုအဖြစ် ဘော်လီဘောကစားသမား(၁)ဦး၊ ပိုက်ကျော်ခြင်း ကစား သမား(၂)ဦးနှင့် နည်းပြ(၁)ဦး၊ U (18) ဘောလုံးသမား(၃)ဦး၊ လက်ဝှေ့သမား(၂)ဦးနှင့် ဝူရှူးကစား သမားများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်ရှင့်။ (၂၉)ကြိမ်မြောက် Sea Games မှာလည်း ဝူရှူး တတိယဆုရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့ပါတယ်။ အာရှတွင်လည်း အဆင့်(၁၄) ရရှိခဲ့ပါတယ်ရှင့်။ ၂၀၁၇ ခုနှစ် အသက်(၂၂)နှစ်အောက် တိုင်းလက်ရွေးစင်ဘောလုံးသမားများလည်း ပါဝင်ခဲ့ ပါတယ်ရှင့်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် -

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ အနာဂတ်ကာလ အောင်မြင်မှုများကို မျှော်မှန်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မူဝါဒ(၅)ရပ်နှင့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်(၃)ရပ်ကိုလည်း ချမှတ်ထားပါတယ်ရှင့်။

နိုင်ငံတကာအလယ်မှာ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာကိုလည်း အားကစားနည်းများဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ လူရည်ချွန်များကိုလည်း မွေးထုတ်ပေးရမှာ

ဖြစ်ပါတယ်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများမှာလည်း အဆင့်မီ အရည်အသွေးရှိ ထူးချွန်တဲ့ အားကစား သမားများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အားကစားသမားများ၏ အောင်မြင်မှု ရရှိနိုင်ရေးနှင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားပြီး ကမ္ဘာ့အားကစားသို့ ရောက်ရှိစေနိုင်ရန်အတွက် ထီးလင်းမြို့နယ်ရှိ အားကစားမောင်မယ်လေးများကို မြို့၏ဂုဏ်ဆောင်၊ မကွေးတိုင်း၏ဂုဏ်ဆောင်၊ နိုင်ငံ၏ဂုဏ်ဆောင် များဖြစ်ပြီး နိုင်ငံတော်၏တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်တဲ့ အားကစား သမားကောင်းများကို နည်းစနစ်တကျ သေချာမွေးထုတ်ပေးနိုင်ရန်အတွက် လိုအပ်လျှက်ရှိတဲ့ ထီးလင်း မြို့နယ်၏ လစ်လပ်နေသော အားကစားနည်းစနစ်မှူးကို ခန့်ပေးနိုင်ခြင်း ရှိ/မရှိအား ထီးလင်းနေ ပြည်သူ များ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အား မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် အားကစားမှူး(၁)ဦး၊ နည်းစနစ်မှူး (၁)ဦး၊ အကြီးတန်းစာရေး(၁)ဦး၊ ဒုလက်ထောက်ကွင်းကြီးကြပ်(၁)ဦး၊ ရုံးလုပ်သား(၁)ဦး စုစုပေါင်း ဝန်ထမ်းအင်အား(၅)ဦး ခန့်ထားပြီးဖြစ်ပါသည်။

အားကစားမှူး ဦးခင်မောင်ဝင်းမှာ (၁၄.၆.၂၀၁၈)ရက်နေ့မှစ၍ အသက်(၆၀)ပြည့် ကြိုတင် ပြင်ဆင် ခွင့်(၄)လ ခံစားလျက်ရှိပြီး နည်းစနစ်မှူး ဦးရိုးမွန်မှာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးမှ ခေါ်ယူသော အားကစားမှူး စာမေးပွဲအောင်မြင်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖောင်ကြီးတွင် (၂၈.၅.၂၀၁၈) နေ့မှ (၁၄.၉.၂၀၁၈)နေ့ထိ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၄)သို့ တက်ရောက်လျက်ရှိရာ ထီးလင်းမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး လစာအား ယနေ့ထိ ခံစားလျက်ရှိသောကြောင့် ထီးလင်းမြို့နယ် နည်းစနစ်မှူး နေရာလစ်လပ်သွားခြင်း မရှိသေးပါ။

အားကစားမှူး ဒီပလိုမာသင်တန်းဆင်းပြီးချိန် အခြားတစ်နေရာသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင် ခဲ့ပါလျှင် နည်းစနစ်မှူး ရာထူးနေရာ လစ်လပ်သွားမည်ဖြစ်၍ ၎င်းလစ်လပ်ရာထူး နေရာအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြတောင်းခံ ၍ ခန့်အပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင်သောင်း ( ရေစကြိုမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော မကွေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော မကွေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်။

ကျွန်တော်က ရေစကြိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ မကွေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတင်သောင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးခွန်း မေးမြန်းတင်ပြလိုပါတယ်။ မေးမြန်းလိုသည့် အကြောင်းအရာကတော့ -

**ရေစကြိုမြို့နယ် အနောက်ဘက်ဖျားနှင့် မြိုင်မြို့နယ် နယ်နိမိတ်ချုပ်စပ် အနီးအနားရှိ ကျေးရွာများအား မြိုင်မြို့နယ်မှတစ်ဆင့် လျှပ်စစ်ချိတ်ဆက်သွယ်ယူကာ မီးလင်းနိုင်ရေးအတွက် မေးမြန်းမည့် မေးခွန်းဖြစ်ပါတယ်။**

**လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား -**

မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီး မရရှိသေးသော မြို့/ရွာများအတွက် NEP စီမံကိန်းဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့ ရေစကြို မြို့နယ်တွင်းရှိ NEP စီမံကိန်းရောက်ရှိလာလျှင်သော်မှ အချို့ကျေးရွာများမှာ လျှပ်စစ်မီးရရှိဖို့ အလှမ်းကွာ ဝေးနေဦးမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရေစကြိုမြို့နယ် အနောက်ဖက်ဖျား၊ မြိုင်မြို့နယ် နယ်စပ်အနီးရှိ ကျေးရွာများဖြစ်သော နိပဆေးတောကျေးရွာအုပ်စု(အိမ်ခြေ = ၃၈၉)၊ တောင်ဦးကျေးရွာအုပ်စု(အိမ်ခြေ = ၁၀၆၄)အတွင်းရှိ တောင်ဦး၊ မြေမလှ ခံစပ်တော၊ ထန်းတပင်နှင့် ရှင်မတောင်ခြေအနီးရှိ ကန်ပေါက်(အိမ်ခြေ = ၂၅၀) ကျေးရွာတို့ ဖြစ်ကြပါတယ်။ ၎င်းကျေးရွာများမှာ ရေစကြိုနှင့် (၁၅)မိုင်၊ မိုင်(၂၀)ခန့် ဝေးပါတယ်။

ယခုအခါ မြိုင်မြို့နယ်၌ ဆင်ခေါင်းတောင် လျှပ်စစ်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားများ တိုးချဲ့ ဖြန့်ဖြူးဆောင်ရွက်ပေးနေတာကြောင့် မြိုင်မြို့နယ်အရှေ့မြောက်ပိုင်း ကျေးရွာများ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ကြပြီဖြစ်တာကို လေ့လာသိရှိရပါတယ်။ ရေစကြိုမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ် နေသော မြိုင်မြို့နယ်က ကျေးရွာများ လျှပ်စစ်မီးလင်းနေချိန်တွင် ရေစကြိုဘက်ခြမ်းရှိ ကျေးရွာများမှာ မှောင်မဲနေပါတယ်။ သို့အတွက် ရေစကြိုမြို့နယ်ဘက်ခြမ်းမှ နယ်နိမိတ်ထိစပ် နီးကပ်နေထိုင်ကြသော ကျေးရွာနေပြည်သူလူထုတို့မှာ မြိုင်မြို့နယ်မှတစ်ဆင့် လျှပ်စစ်မီး ချိတ်ယူသွယ်တန်း၍ မီးလင်းလိုလှသော ဆန္ဒအာသီသများဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြတောင်းခံထားကြကြောင်း သိရှိရပါတယ်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြိုင်မြို့နယ်မှနယ်နိမိတ်ချင်း ထိစပ်နေသော ရေစကြိုမြို့နယ်မှ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် မြိုင်မြို့နယ်မှတစ်ဆင့် ချိတ်ဆက်သွယ် တန်း ရယူနိုင်ရေးကိစ္စနှင့် လိုအပ်မည့် 11 KV ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးပါရန် ကျေးရွာပြည်သူလူထုများက တင်ပြတောင်းခံထားမှုအပေါ် မည်သို့စီမံဆောင်ရွက်ပေး မည်ကို သိရှိလိုပါ၍ မကွေးတိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် အစိုးရအဖွဲ့ထံသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဖော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန )** ။ ။ မြိုင်မြို့နယ်နှင့်နီးစပ်သော ကျေးရွာများကို လျှပ်စစ်ဓာတ်အားသွယ်တန်းရန်မှာ မြိုင် - လင်းကတော (၁၁)ကေဗွီဓာတ်အားလိုင်းမှ သွယ်တန်းရမည် ဖြစ်ပါသည်။ အဆိုပါ ဓာတ်အားလိုင်းအား ၆၆ / ၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ နှမ်းစားကျင်း ဓာတ်အားခွဲရုံမှနေ၍ ဓာတ်အားပေးထားပြီး နှမ်းစားကျင်း ဓာတ်အားခွဲရုံမှ မြိုင်အထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း(၁၅)မိုင်၊ မြိုင်မှ လင်းကတောအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်ရှိကာ နှမ်းစားကျင်းခွဲရုံမှ လင်းကတောကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၁ မိုင်ရှိပါသည်။ မေးခွန်းတွင်ပါရှိသော ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း အား ဓာတ်အားခွဲရုံမှနေ၍ မိုင် ၃၀ ကျော်မှ ရယူရသည့်အတွက် ဓာတ်အားလိုင်းမိုင် ရှည်လျားခြင်း၊ မို့အား

ကျဆင်းမှုများ ဖြစ်ပေါ်ခြင်း၊ ထိုမှတစ်ဆင့် နိပဆေးတော၊ တောင်ဦး၊ ခံစပ်တော၊ မြေမလှကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း(၇.၇၁၈)မိုင် ဆက်၍ တည်ဆောက်ရမည်ဖြစ်ရာ (၁၁) ကေဗွီ ဓာတ်အားလိုင်းအနေဖြင့် စုစုပေါင်း(၃၈.၇၁၈)မိုင် ခန့်ရှည်လျားသွားမည် ဖြစ်သည့်အတွက် နည်းပညာပိုင်းအရ သင့်တော်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ကျေးရွာများနှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား မီးအား ပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းမိုင်များ ရှည်လျားလွန်းသည့် ကျေးရွာများ လျော့နည်းနိုင်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဓာတ်အားခွဲရုံကြီးများအား လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးရွာများအား လျှပ်စစ်ဓာတ်အားလုံလောက် ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်နှင့် ကြက်ဆူကျင်းကျေးရွာတွင် ၆၆ / ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံအား လျာထားထည့်သွင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ၎င်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးမှသာလျှင် ဆောင်ရွက်ရန် သင့်လျော်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင်မောင်ဦး(ဆင်ပေါင်ဝဲမဲဆန္ဒနယ်အမှတ်-၁)။** ။ မင်္ဂလာပါဟု ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းအစိုးရဝန်ကြီးများနှင့် တိုင်းလွှတ်တော်ဝန်ထမ်းများအပေါင်းတို့ ခင်ဗျား။ ကျွန်တော်ကတော့ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ယခု မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ဒသမပုံမှန်အစည်းအဝေးတွင် ကျွန်တော် တင်ပြတောင်းဆိုရမည်မှာ ဆင်ပေါင်ဝဲမြို့နယ်၊ သမန်းကြီးကျေးရွာမှ ဆင်ပေါင်ဝဲမြို့သို့ ဆက်သွယ်သွားလာရသော လမ်းအားပြုပြင်ပေးပါရန် အစီအစဉ် ရှိ/မရှိ တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်ပေါင်ဝဲမြို့နယ်၊ ညဏ်တောအင်းအုပ်စုတွင် ညဏ်တောအင်းကျေးရွာ၊ ကုက္ကိုစမ်းကျေးရွာ၊ သမန်းကြီးကျေးရွာဟူ၍ (၃)ရွာပေါင်းစပ် ပါဝင်ဖွဲ့စည်းထားပါသည်။ အဆိုပါ ညဏ်တောအင်းအုပ်စုမှာ အိမ်ခြေ (၃၂၇) အိမ် ၊ အိမ်ထောင်စု (၃၄၈)စု၊ လူဦးရေ(၁၂၉၉)ဦး၊ မကြီးကုန်းအုပ်စုမှ မကြီးကုန်းကျေးရွာ၊ ညောင်လှကျေးရွာ၊ စုစုပေါင်း အိမ်ခြေ(၃၂၀) ၊ အိမ်ထောင်စု(၃၄၀)၊ လူဦးရေ (၁၃၂၉)ဦးနှင့် မကွေးမြို့နယ်၊ မင်းရွာအုပ်စု၊ခိုင်းကျေးရွာမှ အိမ်ခြေ (၁၆၅)အိမ်၊ အိမ်ထောင်စု (၁၇၂)စု၊ လူဦးရေ(၆၃၄)ဦး၊ ပုန်းတပ်ကျေးရွာမှ အိမ်ခြေ (၂၁၂)အိမ်၊ အိမ်ထောင်စု (၂၂၅)စု၊ လူဦးရေ (၇၂၀)၊ အားလုံးစုစုပေါင်း အိမ်ခြေ (၁၀၂၄)၊ အိမ်ထောင်စုပေါင်း (၁၀၈၅)၊ လူဦးရေပေါင်း (၃၉၈၂)ဦး ရှိပါသည်။ ၎င်းကျေးရွာများမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်ပြီး ဆင်ပေါင်ဝဲမြို့အား အစဉ်မှီခိုအားထားနေကြရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိဆင်ပေါင်ဝဲမြို့နှင့် ဆက်သွယ်သွားလာနေရသော လမ်းမှာ လယ်ကျိုးကျေးရွာ ကတ္တရာလမ်းခွဲမှထွက်၍ ယခင် ကပစ(၈)နှင့် (၁၃) ဆက်သွယ်သွားလာခဲ့သော မြေနီကျောက်စရစ်လမ်းအား မှီခိုအားထား သွားလာနေရပါသည်။ ၎င်းလမ်းမှာ အချိန်ကာလကြာမြင့်ခြင်း၊ မိုးရေတိုက်စားမှုကြောင့် ပျက်စီးမှုများအား ၂၀၁၆-၂၀၁၇ ခုနှစ်များက နီးစပ်ရာကျေးရွာပြည်သူလူထုများ၏ ကူညီပံ့ပိုးမှုဖြင့်

ငွေကျပ်(၁၉)သိန်းဖြင့် ပြုပြင်သွားလာခဲ့ကြသော်လည်း ယခုအချိန်တွင် မိုးအလွန်များခြင်းကြောင့် လမ်းများပေါ်တွင် ထူးချောက်များ ကျခြင်း၊ လမ်းများပေါ်တွင် မြေနီကျောက်စရစ်များ မရှိခြင်းကြောင့် လမ်းများချော်ခြင်း၊ ရေအိုင်ကွက်များတွင် ရေဝပ်နေ၍ ဆိုင်ကယ်ကားများ သွားရာတွင် အင်ဂျင်အထိ ရေမြုပ်၍ အခက်အခဲများ ဖြစ်နေပြီး ကျောင်းဆရာ/ မများနှင့် ကျေးရွာပြည်သူများ သွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာနေ ရဟန်းရှင် လူအများ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လယ်ကျိုးကျေးရွာ၊ ဥဏ်တောအင်းကျေးရွာအုပ်စု၊သမန်းကြီးကျေးရွာအထိ လမ်းအရှည် (၄)မိုင်ခန့် လမ်း၏အခြေအနေကို ပြန်လည်ပြုပြင်ပေးနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြတောင်းခံပေးပါရန် လမ်း၏ဓာတ်ပုံများနှင့်အတူ ပေးပို့တင်ပြအပ်ပါသည်။ အားလုံးကျန်းမာ ချမ်းသာကြပါစေ။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )** ။ ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းတည်ရှိသော လယ်ကျိုး - သမန်းကြီးလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအမျိုးအစားအားဖြင့် Class B ဦးစားပေးအဆင့်(၁)လမ်း ဖြစ်ပါသည်။ ၎င်းလမ်းသည် လမ်းအကျယ်(၁၈)ပေရှိပြီး အရှည်(၄/၀)မိုင် ရှိသော မြေသားလမ်းကြမ်း ဖြစ်ပါသည်။ လက်ရှိလမ်းအခြေအနေသည် မိုးများခြင်းကြောင့် ရေတိုက်စားခြင်း၊ မြေသားလမ်းနိမ့်ကျွံခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး သွားလာရေးခက်ခဲသော လမ်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လယ်ကျိုး - သမန်းကြီးလမ်းအရှည် (၄/၀)မိုင် မြေသားတာဘောင်ချဲ့၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အကျိုးပြုကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၁၀၂၄)၊ လူဦးရေ(၃၉၈၂)ဦး အကျိုးပြုမည်ဖြစ်ပါသည်။ အဆိုပါလမ်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်သန်း(ပေါက်မြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ တောင်ဘက်ကျေးရွာရှိ မောင်းမဲမြောင်းအား ရေပိုထုတ်မြောင်းနှင့် ရွာချင်းဆက်လမ်းပေါ်တွင် မြောင်းဖုံးရေကျော်တစ်ခု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စု၊ တောင်ဘက်ကျေးရွာတွင် ကွင်းအမှတ်(၁၄၇၇)နှင့် (၁၄၇၈)ကွင်းတွင် လယ်စိုက်တောင်သူ(၉၅)ဦးမှ လယ်မြေဧက(၁၀၁)ဧက စပါးစိုက်ပျိုးနိုင်ရန် မောင်းမဲချောင်း ခြောက်ရေကို အမှီပြုပြီး ကိုယ်ထူကိုယ်ထမြောင်းတူးကာ ရေကိုသွယ်ယူထားရပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ၎င်းမောင်းမဲမြောင်းအမြီးတွင် ရေပိုထုတ်မြောင်းမရှိ၍ မိုးကောင်းသည့်နှစ်များတွင် ရေများ များပြားလာသည့်အချိန်တွင် လယ်မြေ ဧက(၃၀) ရေနစ်မြုပ်ခြင်း

နှင့် တောင်ဘက်ကျေးရွာ လူနေအိမ်ဝိုင်းများတွင် ရေများဝင်ရောက်ပြီး ရေပြင်ထဲတွင် နေထိုင်ရ၍ ကျန်းမာရေး ထိခိုက်မှုများရှိခဲ့ပါသည်။ ရေပိုထုတ်မြောင်း ပြုလုပ်ပေးပါက ပိုလျှံရေသည် တပ်ကုန်းကျေးရွာမှ တောင်သူ (၄၀)ဦး၏ လယ်မြေဧက(၃၀)မှ ရေသောက်သုံးနိုင်၍ အကျိုးရှိမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မောင်းမဲမြောင်း ရေပိုထုတ်မြောင်း ပြုလုပ်ရာ တွင် တောင်ဘက်ကျေးရွာနှင့် ချောင်းဆုံကျေးရွာ ရွာချင်းဆက်လမ်းကိုဖြတ်၍ ပြုလုပ်ရမည်သဖြင့် ၎င်းလမ်း အပိုင်းကို မြောင်းဖုံးရေကျော် ပြုလုပ်ပေးရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်ဘက်ကျေးရွာ၏ မောင်းမဲမြောင်းအမြီးတွင် ရေပိုထုတ်မြောင်းနှင့် ရွာချင်းဆက် လမ်းပေါ်တွင် မြောင်းဖုံးရေကျော်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ် တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် သက်ဆိုင်ရာဝန်ကြီးအား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ တောင်ဘက်ရွာနှင့် ချောင်းဆုံကျေးရွာ ရွာချင်းဆက် လမ်းသည် လမ်းအရှည်(၄)မိုင်၊ လမ်းအကျယ် ပျမ်းမျှ (၁၅)ပေခန့်ရှိပြီး လမ်းအဆင့်အတန်း Class - C ဦးစားပေးအဆင့်(၃)၊ မြေလမ်းဖြစ်ပါသည်။ အကျိုးပြုကျေးရွာ(၃)ရွာ၊ အိမ်ခြေ အိမ်ထောင်စု(၃၆၅)စု၊ လူဦးရေ(၂၁၄၇)ဦးတို့ သွားလာအသုံးပြုသည့်လမ်း ဖြစ်ပါသည်။ ၎င်းလမ်းတစ်လျှောက်တွင် မောင်းမဲ ချောင်းနှင့်ကိုယ်ထူကိုယ်ထ မြောင်းသွယ်၍ စိုက်ပျိုးရေသွယ်ယူသည့် မြောင်းရှိပါသည်။ မိုးတွင်း ရေများ သည့်အခါအဆိုပါမြောင်းမှ ရေများကို ရေပိုထုတ်မြောင်းဖြင့် လမ်းကိုဖြတ်ပြီး ထုတ်လွှတ်ထားပါသည်။ ရေစီးအရှိန်ကြောင့် လမ်းသားရေတိုက်စားပြီး ရေစားချောက် ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါနေရာအား တံတားတည်ဆောက်၍ လမ်းကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ အဆိုပါတံတားအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မြင့် ( ဆောမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အစိုးရအဖွဲ့ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဆော မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမှာကတော့ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ တပြင်းကျေးရွာ အနောက်ဘက်(၂)မိုင် (၂) ဖာလုံအကွာမှာရှိသော ထိန်းချောင်းကို တစ်ဖက်ရပ် ရေကျော်ကွန်ကရစ် ကျောက်ရိုးစီ၍ ဆည်ပြုလုပ်ပေးပါ က လယ်မြေ(၂၅၀)ဧကမှာ နှစ်စဉ် နှစ်သီးစား ရေဝင်စိုက်ပျိုးနိုင်မည် ဖြစ်ပါ၍ ၎င်းဆည်ကို တည်ဆောက် ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

တပြင်းကျေးရွာရှိ ထိန်းချောင်းကို ရေကျော် တစ်ဖက်ရပ်ဆည် ဖြစ်လာရန် ၁၉၇၈ - ၁၉၇၉ ခုနှစ်မှာ တပြင်းကျေးရွာနေ ဦးသောင်းအုပ်နှင့် ဦးအောင်ငြိမ်းတို့ ဦးဆောင်ပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် မြောင်း အကျယ်(၃)ပေ၊ မြောင်းအရှည်(၂)မိုင်ကို စတင်ဖောက်လုပ်ခဲ့ရာ စိုက်ပျိုးမြေ လယ်ဧက(၅၀)အား စပါး စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၎င်းနောက် ကျေးရွာကောင်စီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း ဦးဆောင်ပြီး ၁၉၈၀ ခုနှစ်မှာ

မြောင်းအကျယ်(၅)ပေ၊ မြောင်းအရှည်(၂/၄)ဖာလုံကို တိုးချဲ့ဖောက်လုပ်ခဲ့သဖြင့် လယ်ဧက(၂၅ဝ)အထိ စပါး စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြကြပါသည်။ ထိုစဉ်အချိန်မှ ယခုအချိန်အထိ မိုးရေကိုသာ အားကိုးပြီး သစ်၊ ဝါး တို့နှင့် တစ်ဖက်ရပ်ဆည်ခပ်ကာ ရေပေးဝေ စိုက်ပျိုးလျက်ရှိကြရာ မိုးများစွာ ရွာသွန်းလျှင် ၎င်းဆည်မှာ ပျက်စီးပြီး ပြန်လည်ပြုပြင်နေကြရ၍ လယ်သမားများမှာ ရေမလုံလောက်ကြကာ စပါးအထွက်နှုန်း ကျဆင်းပြီး ဒုက္ခပေါင်းစုံကြုံတွေ့နေကြရပါသည်။ ၎င်းထိန်းချောင်းအား အလျား(၁၃ဝ)ပေ၊ အနံ(၃ဝ)ပေ၊ အမြင့်(၁၄)၊ မြောင်းဝ(၆)ပေကို နိုင်ငံတော်မှ ကူညီပံ့ပိုး ပြုလုပ်ပေးမည်ဆိုပါက ယခုလက်ရှိ စိုက်ပျိုးမြေဧက (၂၅ဝ)နှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်သော ယာမြေဧက(၁ဝဝ)ကျော်ခန့်ကို နှစ်သီးစားရေဝင် စိုက်ပျိုးနိုင်ပြီး တပြင်းကျေးရွာရှိ လူဦးရေ(၁၃၁၁)ဦးတို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေးမှအစ အားလုံးပြေလည်သွား မည်ဖြစ်ပါ၍ အမြန်ဆုံး ပြုလုပ်ပေးသင့်လှပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးကို အခြေခံကာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်နေကြသော တပြင်း ကျေးရွာရှိ လယ်ဧက(၂၅ဝ)၊ ရေဝင်ထိန်းချောင်းကို တစ်ဖက်ရပ် ဘိလပ်ရေကျော် ကွန်ကရစ်ကျောက်ရိုး စီခြင်း ပြုလုပ်ပေးနိုင်၊ မပေးနိုင်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ ထိန်းချောင်း ရေလွှဲဆည်(ရေကျော်တစ်ဖက်ရပ်ဆည်)သည် ကျောက်ထုမြို့၊ တပြင်းကျေးရွာ၊ အနောက်မြောက်ဘက် ( ၂ ) မိုင်ခန့်အကွာ ထိန်းချောင်းပေါ်တွင် တည်ရှိပါသည်။ ကျေးရွာ ရေသောက် တောင်သူများမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် သစ်၊ ဝါး၊ မျှောများ အသုံးပြုပြီး လက်ရိုက် တစ်ဖက်ရပ်(သစ်ခက်ဆည်) ပြုလုပ်၍ စိုက်ပျိုးရေရရှိ အောင် ရေသွယ်ယူ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ထိန်းချောင်း၏ ရေဆင်းဧရိယာမှာ (၁ဝ)မိုင်ခန့်နှင့် ရေထုစီးနှုန်းမှာ (၃၅ဝဝ) ကျူးဆက်ခန့် စီးဆင်း ပြီး မိုးတွင်းအခါ၌သာ ရေစီးဆင်း၍ နွေအခါ၌ ရေပြတ်လပ်ကြောင်း တွေ့ရှိရပါသည်။ ချောင်း၏ အလျားမှာ ပေ(၁၃ဝ)ခန့်နှင့်အနက်(၁၄)ပေခန့်ရှိပြီး အောက်ခံမြေမှာ ကျောက်သားမြေဖြစ်ခြင်း၊ ဘေးနှစ်ဘက် ကမ်းပါး များမှာ အမြင့်ပေ(၃ဝ)မှ (၄ဝ)ပေခန့်ရှိပြီး အကျိုးပြုဧကမှာလည်း ခန့်မှန်းဧက(၂ဝဝ)ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ထိန်းချောင်းအတွင်း အဆင့်မြင့် ရေလွှဲဆည်ပြုလုပ်နိုင်ရန် အောက်ခံမြေအား စူးစမ်း လေ့လာမှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး စူးစမ်းလေ့လာမှုများအရ ဆောင်ရွက်ရန် သင့်လျော်ပါက ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေစာရင်းများ ရေးဆွဲ၍ ၂ဝ၂ဝ - ၂ဝ၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတွင် တင်ပြတောင်းခံကာ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဆန်းဝင်း ( ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ်အမှတ် - ၂ )။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဂန့်ဂေါမဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ သိုက်တောဆည်အား ပြန်လည်တူးဖော်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ မေးလိုတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား - သိုက်တောဆည်ဟာ ဂန့်ဂေါမြို့နယ်၊ ကျောမြို့အရှေ့ဘက်(၁)မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ ယခင်က ၎င်းသိုက်တောဆည်ကို ဒေသခံတောင်သူများ လုပ်အားဖြင့် တာဘောင်များဖို့ပြီး အသုံးပြုခဲ့ကြပါတယ်။ ၎င်းဆည်ကို ၁၉၆၁ ခုနှစ်ခန့်က စတင်အသုံးပြုခဲ့တယ်လို့ သိရပါတယ်။ အလံနီများ ယောဒေသကို ကြီးစိုးတဲ့အချိန်ဟု ပြောပါတယ်။ ၁၉၆၄ ခုနှစ်၊ ဦးနေဝင်း လက်ထက်၌ တစ်ကြိမ် ပြုပြင်ပြီး အသုံးပြုခဲ့ကြပါတယ်။ နောက် ၁၉၉၀ ခန့်က အစိုးရဖွံ့ဖြိုးရေးငွေဖြင့် ပြုပြင်အသုံးပြုခဲ့ကြပါတယ်။ ယခုအခါ ရွှံ့နွံများ ပို့ချမှုကြောင့် ၎င်းဆည်မှာ ကောပြီး သုံးမရဖြစ်နေတာ တွေ့ရပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

သိုက်တောဆည်ကို ပြန်လည်တည်ဆောက်ပေးနိုင်ပါက ကျောမြို့အမှတ်(၁)၊ (၂)၊ (၃)၊ လယ်ခမ္မ ကျေးရွာ၊ ဇံမွေးကျေးရွာ၊ ဖုန်းဆိုကြယ်ကျေးရွာ၊ ကြက်ရိုးကျေးရွာများရှိ လယ်ယာမြေဧက(၁၁၄၀)ခန့်အား ဖြည့်စွက်ရေး၊ တစ်နည်းအားဖြင့် အောင်ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မြေအောက်ရေရှားပါးတဲ့ ၎င်းကျေးရွာအား သောက်သုံးရေအနေဖြင့် အိမ်ခြေ(၁၁၂၆) အိမ်နှင့် လူဦးရေ(၄၅၉၇)ဦးအား ပေးဝေနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား -

၎င်းသိုက်တောဆည် ကန်တမံအား တည်ဆောက်ပါက အသုံးပြုမဲ့ ဖို့မြေများ ရယူရမည့် နေရာဟာ တောရိုင်းမြေများ ဖြစ်ပါတယ်။ သဲနှင့် ကျောက်များအားလည်း အနီးဝန်းကျင်မှ စုဆောင်းရရှိနိုင်မှာ ဖြစ်ပါတယ်။ ရေဆင်းဧရိယာ(၁)စတုရန်းမိုင်ခန့်ရှိပြီး ရေဝပ်ဧရိယာ(၃၅)ဧကခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတောင်သူများ လိုလားတာဖြစ်တဲ့ ၎င်းသိုက်တောဆည်အား အနီးဆုံး ဘဏ္ဍာနှစ်၌ လျာထားဆောင်ရွက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့အား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် ကျောမြို့အရှေ့ဘက်တွင် တည်ရှိပြီး ၁၉၆၁ ခုနှစ်ခန့်က ဒေသခံ တောင်သူများ လုပ်အားဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ယခုအခါ ရွှံ့နွံများပို့ချမှုကြောင့် ၎င်းဆည်မှာ ကောနေပြီး လုံးဝပျက်စီးနေပြီဖြစ်ပါသဖြင့် တမံအသစ်တစ်ခု တည်ဆောက်သကဲ့သို့ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ ရေသောက်စနစ်နှင့် ဆက်စပ်အဆောက်အအုံများပါ ထည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၎င်းသိုက်တောဆည်ကို ပြန်လည်တည်ဆောက်ပေးခြင်းအားဖြင့် ကျောမြို့အမှတ် (၁၊၂၊၃) လယ်ခမ္မ ကျေးရွာ၊ ဇံမွေးကျေးရွာ၊ ဖုန်းဆိုကြယ်ကျေးရွာ၊ ကြက်ရိုးကျေးရွာများရှိ လယ်ယာမြေ ဧက(၁၁၄၀)ခန့်အား ဖြည့်စွက် ရေပေးဝေနိုင်မည့်အပြင် အိမ်ခြေ(၁၁၂၆)အိမ်နှင့် လူဦးရေ (၄၅၉၇) တို့အား သောက်သုံးရေပေးဝေနိုင်မည်ဖြစ်ကြောင်း ဒေသခံများမှ တင်ပြထားသော်လည်း ၎င်းတမံ၏ ရေဆင်းဧရိယာမှာ (၁) စတုရန်းမိုင်ခန့်ရှိပြီး ရေဝပ်ဧရိယာမှာ (၃၅)ဧကခန့်သာရှိသဖြင့် တင်ပြထားသည့် ဖြည့်စွက်အောင်ရေ ပေးဝေမည့် ဧက (၁၁၄၀)ခန့်နှင့် ၎င်းကျေးရွာများအတွက် သောက်သုံးရေ လုံလောက်မှုမရှိပါ။ ဧက(၁၁၄၀)အတွက် ဖြည့်စွက်အောင်ရေ ပေးဝေရန်မှာ အနည်းဆုံး ရေ(၂၈၀၀) ဧကပေခန့် လိုအပ်မည်ဖြစ်ပါသည်။ သိုက်တော

ဆည်ကို ပြန်လည်တည်ဆောက်ပေးပါကလည်း အများဆုံး ဧကပေ(၃၀၀)ခန့်သာ သိုလှောင်နိုင်မည်ဖြစ်ပါသဖြင့် တင်ပြပါစာအတိုင်း ဧကပြည့်မီ အောင်ရေပေးဝေ နိုင်ရန်မဖြစ်နိုင်ပါ။

သို့ပါ၍ အဆိုပါသိုက်တောဆည်အား ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် အဆိုပါနေရာအား မြေပြင်အနိမ့်အမြင့် အသေးစိတ်တိုင်းတာခြင်းလုပ်ငန်းများ၊ ဘူမိဗေဒဆိုင်ရာစူးစမ်း လေ့လာခြင်း၊ ဇလဗေဒဆိုင်ရာ အချက်အလက်များ စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)သို့ အချက် အလက်များ ပေးပို့တင်ပြသွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်သင့်လျော်ပါ က ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ဒီဇိုင်းများရယူ၍ (၂၀၁၉ - ၂၀၂၀)ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ကို(မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ် - ၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်သူများကိုယ်စား သိလိုတဲ့ မေးခွန်းကတော့ ယာယီနွားစုဆောင်းခြံများနှင့်ပတ်သက်၍ သိလိုသည့်အချက်များကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းလှမြို့နယ်မှာ ယာယီ နွားစုဆောင်းရေးခြံ တစ်ခြံရှိပါတယ်။ ၎င်းခြံဟာ မင်းလှမြို့နယ်အဆုံး မင်းတုန်းမြို့နယ်အစ ရေကျောရွာနှင့် အနောက်ဘက် (၂)မိုင်ခန့်အကွာ ရှမ်းတပ်ကျေးရွာ၏ တောင်ဘက် (၂)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ မူရင်းကုမ္ပဏီအမည်မှာ (အေးဝင်းကြည်ဒွေး)ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီသက်တမ်းအား (၅)နှစ်ဖြစ်တယ်လိုသိရှိရပါတယ်။ ယာယီနွားစုဆောင်းခြံသက်တမ်းကတော့ (၃)လဖြစ်ပြီး ၂၀၁၈ ခုနှစ်က ဇွန်လ(၃)ရက်နေ့က စပြီး ခရိုင်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယာယီ နွားစုဆောင်းခွင့်ခြံ တည်ထောင်ခွင့်ပြုထားတယ်လို့ သိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများမှ ပြန်လည်ပြောပြ၍ သိရှိရသည်မှာ ညအချိန် (၂၂)ဘီးကားဖြင့် တစ်ပတ်လျှင် (၁)ကြိမ်ခန့် နွားများတင်ဆောင်နေကြောင်း၊ မည်သို့မည်ပုံ အစိုးရက ခွင့်ပြုထားကြောင်း၊ မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်ပါကြောင်း စသည်ဖြင့် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအား မေးမြန်းကြပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လေ့လာသိရှိရသည်မှာ ကုမ္ပဏီအား လိုင်စင်ထုတ်ပေးသည်မှာ ပြည်ထောင်စုမှဖြစ်ပြီး ကြီးကြပ်ဆောင်ရွက်ရသည်မှာ တိုင်းဒေသကြီး အစိုးရဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် -

(၁) မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေပါသလဲ။

(၂) ကုမ္ပဏီမှလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပြည်သူများပါသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိ ။

စတဲ့အချက်များကို ပြည်သူများကိုယ်စား သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေးတိုင်းအစိုးရ အဖွဲ့သို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ မကွေး တိုင်းဒေသကြီး၊ မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကို မှ မေးမြန်းသည့် မင်းလှမြို့နယ်ရှိ အေးဝင်းကြည်ဌေး ကုမ္ပဏီကိစ္စနှင့်ပတ်သက်၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သက်တမ်း(၃)လရှိ ယာယီနွားစုဆောင်းခြံ လက်မှတ်ထုတ်ပေးသည်မှာ မှန်ကန်ပါ သည်။ (၂၂)ဘီးကားဖြင့် တစ်ပတ်လျှင် (၁)ကြိမ်ခန့် နွားများ တင်ဆောင်နေခြင်းဆိုသည်မှာ ခွင့်ပြုချက် တစ်စုံတစ်ရာ ထုတ်ပေးထားခြင်း မရှိပါကြောင်းနှင့် နွားပြည်ပသို့ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်း စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဖော်ပြပါအတိုင်း ဆောင်ရွက် ရမည်ဖြစ်ပါသည်-

(က) **ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တင်ပို့လိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် အပိုင်း**အနေဖြင့် ဖော်ပြပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(၁) ကျွဲ၊ နွားဝယ်ယူစုဆောင်းခွင့်ကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားခြင်းနှင့် ကျွဲ၊ နွား ဝယ်ယူစုဆောင်းမည့် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ (Letter Head)ဖြင့် လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားရမည်။

(ဂ) တင်ပို့လိုသည့် နိုင်ငံပါရှိရမည်။

(ဃ) မွေးမြူရေးခြံမှတ်ပုံတင် (AHD/ PC-7)/ ယာယီ စုဆောင်းရပ် မှတ်ပုံတင် ( ) ပါရှိရမည်။

(င) ယာယီစုဆောင်းရပ် ထားရမည့်နေရာပါရှိရမည်။

(စ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းတွင်ထားရှိ၍ ကျန်းမာရေး စစ်ဆေးမှု ခံယူမည်ဖြစ်ကြောင်း ပါရှိရမည်။

(ဆ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တည်ဆဲဥပဒေများကို လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံချက်ပါရှိရမည်။

(၂) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ထောက်ခံချက် လက်မှတ်များ ရယူခြင်း၊

(၃) ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ခြင်းနှင့် အစစ်ဆေးခံခြင်း၊

(၄) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် သဘောထားရရှိရန် လျှောက်ထားပြီး လျှောက်ထားရာတွင် ပါဝင်ရမည့် ဖော်ပြပါအချက်များ ပါဝင်ရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီ (Letter Head) ဖြင့် လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားရမည်။

(ဂ) တင်ပို့မည့် နိုင်ငံပါရှိရမည်။

(ဃ) မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်အမှတ် ပါရှိရမည်။

(င) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ပါရှိရမည်။

(စ) ကုန်အရောင်းအဝယ်စာချုပ် (SALE CONTRACT) ပါရှိရမည်။

(ဆ) PROFORMA INVOICE နှစ်ဦးနှစ်ဘက် သဘောတူစာချုပ် ပါရှိ ရမည်။

(၅) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ် ပေါင်းချုပ် ရယူခြင်း၊

(၆) ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန်လိုင်စင် လျှောက်ထားခြင်း၊

(၇) ယာယီစုဆောင်းရပ်တွင် ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများကို အတည်ပြု အမှတ်အသား (Micro Chip/ Ear-Tag) ထည့်သွင်းမှု ခံယူခြင်း၊

(၈) ပြည်ပသို့ တင်ပို့မည့် ကျွဲ၊နွားများကို သယ်ဆောင်ခွင့် အထောက်အထား ရယူခြင်း။

(ခ) **ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တင်ပို့ခွင့်** ပြုလုပ်ရာတွင် ဖော်ပြပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခွင့်ပြုသွားပါမည်-

(၁) ဝယ်ယူစုဆောင်းခြင်း၊

(၂) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကနဦး စစ်ဆေးမှတ်တမ်းတင်ရန် ယာယီစုဆောင်းရာ နေရာသို့ ရွှေ့ပြောင်းသယ်ယူခြင်းနှင့် အစစ်ဆေးခံခြင်း၊

(၃) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်မာရေး ထောက်ခံချက် လက်မှတ်ပေါင်းချုပ်ထုတ်ပေးခြင်း၊

(၄) ပို့ကုန်လိုင်စင်လျှောက်ထား/ ခွင့်ပြုခြင်း၊

(၅) ပြည်ပသို့တင်ပို့မည့် ကျွဲ၊နွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက Micro Chip/ Ear-Tag ထည့်သွင်း တပ်ဆင်၍ မှတ်ပုံတင်ခြင်း၊

(၆) ပို့ကုန်လိုင်စင်ရရှိပြီး ကျွဲ၊ နွားအရှင်များကို ယာယီစုဆောင်းရပ်မှ တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Starions) သို့ သယ်ဆောင်ခြင်း၊

(၇) ပြည်ပသို့တင်ပို့ရန်အတွက် ကျွဲ၊ နွားများအား သယ်ဆောင်ရာလမ်းခရီးတွင် စစ်ဆေးခြင်း၊

(၈) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Starions) နေရာများ သတ်မှတ်ခြင်းနှင့် တည်ဆောက်ခြင်း၊

(၉) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Starions) သို့ ရောက်ရှိခြင်းနှင့် Animal Quarantine Certificate ထုတ်ပေးခြင်း၊

(၁၀) အကောက်ခွန်တွင် ပို့ကုန်ကြေညာလွှာ ဖွင့်လှစ်၍ ကျသင့်အခွန်အကောက်များ ပေးသွင်းပြီး ပြည်ပသို့ တင်ပို့ခြင်း။

(ဂ) **ဝယ်ယူစုဆောင်းခြင်း** အနေဖြင့် ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်း ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များမှ မိမိဝယ်ယူစုဆောင်းမည့် အရပ်ဒေသ မြို့နယ်၊ ခရိုင် အတိအကျ၊ ဝယ်ယူမည့် အကောင် အရေအတွက်၊ ဝယ်ယူ စုဆောင်းမည့် ကာလ တို့ကို တိကျစွာ ဖော်ပြ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဝယ်ယူ စုဆောင်းခွင့် ဦးစွာတင်ပြရယူရမည်။ ဝယ်ယူစုဆောင်းခွင့်ရရှိသူသည် ပြည်တွင်းတွင် မွေးမြူထား သော မွေးမြူရေးခြံများ၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများထံမှ အသက် (၅)နှစ်နှင့် အထက် ကျွဲ၊ နွားများကိုသာ ဝယ်ယူ စုဆောင်းရပါမည်။

(ဃ) **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကနဦး စစ်ဆေးမှတ်တမ်းတင်ရန် ယာယီ စုဆောင်းရာ နေရာသို့ ရွှေ့ပြောင်းသယ်ယူခြင်းနှင့် အစစ်ဆေးခံခြင်း** အနေဖြင့် လုပ်ငန်းရှင်များသည် ပြည်ပသို့ တင်ပို့ရန် ဝယ်ယူ စုဆောင်းထားသည့် ကျွဲ၊ နွား အရှင် များကို ဝယ်ယူသည့် မြို့နယ်များရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဦးစီးဌာနမှူး ထံသို့ စစ်ဆေးမှတ်တမ်းတင် ရန်အတွက် သတင်းပို့ စစ်ဆေးခြင်းခံယူရမည်။ ကျွဲ၊ နွားများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဦးစီးဌာနမှူးမှ စစ်ဆေးပြီး ယာယီ စုဆောင်းရပ်သို့ သယ်ယူရန်အတွက် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ် Animal Health and Development/ Prevention & Control Form -3 (AHD/PC-3) ထုတ်ပေးရမည်။ ဝယ်ယူသည့် ခရိုင်အတွင်းတွင်သာ ယာယီ စုဆောင်းရပ် သတ်မှတ်ဆောင်ရွက်ရမည်။ ဝယ်ယူသည့်နေရာမှ ယာယီစုဆောင်းရပ် သို့ သယ်ဆောင်ရာတွင် ဖော်ပြပါ အထောက်အထားများနှင့်အတူ သယ်ဆောင် ခွင့်ပြုပါမည်-

(၁) စတင်ဝယ်ယူခဲ့သည့် ဒေသရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကာကွယ် ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ် (Animal Health and Development/ Prevention & Control Form “1) (AHD/PC-1) (မူရင်း)၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (Animal Health and Development/ Prevention & Control Form “ 3) (AHD/PC-3)(မူရင်း)၊ မွေးမြူရေးခြံများမှ ဝယ်ယူခြင်းဖြစ်ပါက မွေးမြူရေးခြံ လုပ်ငန်း မှတ်ပုံတင်လက်မှတ် (Animal Health and Development/ Prevention & Control Form “ 7) (AHD/PC-7) (မိတ္တူ)၊

(၂) ကိုယ်ပိုင်နွားဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏ ထောက်ခံချက်(မူရင်း)/ ကျွဲ၊ နွားအရောင်းအဝယ်စာချုပ်(မူရင်း)။

(င) **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ် ပေါင်းချုပ် ထုတ်ပေးခြင်း** အပိုင်းတွင် ယာယီစုဆောင်းရပ်သို့ ရောက်ရှိလာသော ကျွဲ၊ နွားများအား ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် လုပ်ငန်းရှင်များမှ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန(ရုံးချုပ်)သို့ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ် ထုတ်ပေးရန် လျှောက်ထားခွင့်ပြုချက် ရယူရမည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစီအစဉ်ဖြင့် စစ်ဆေးပြီး ကျန်းမာရေးထောက်ခံချက်နှင့် ပြည်ပသို့ တင်ပို့ရန်အတွက် သဘောထား မှတ်ချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြား ပေးရန် ဖြစ်ပါသည်။

(စ) **ပို့ကုန်လိုင်စင်လျှောက်ထား/ခွင့်ပြုခြင်း** အနေဖြင့် ကျွဲ၊နွား အရှင်များ ပြည်ပသို့ တင်ပို့ ရောင်းချလိုသူသည် ကုမ္ပဏီမှတ်ပုံတင်ထားပြီး ပို့ကုန် သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ် ရရှိထားပြီးသော ကုမ္ပဏီဖြစ်ရမည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစဉ်များ အတိုင်း ဝယ်ယူစုဆောင်းပြီး တိရစ္ဆာန်များ၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ်၊ ပြည်ပသို့ တင်ပို့ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်နှင့် ပူးတွဲတင်ပြ၍ ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)၊နေပြည်တော်၊ ညွှန်ကြားရေးမှူးချုပ်သို့ လိပ်မူ တင်ပြသော ပို့ကုန်လိုင်စင်လျှောက်လွှာအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြ လျှောက်ထားရမည်။ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရွယ်အစားပေါ် မူတည်ပြီး ပြည်ပ ပေါက်ဈေးအပေါ် အခြေခံ၍ သတ်မှတ်ဆောင်ရွက်ရမည်။ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရရှိပြီး မှသာ နယ်စပ် ကုန်သွယ်ရေးဒေသများသို့ သယ်ဆောင်ခြင်း၊ ပင်လယ်ဆိပ်ကမ်း သင်္ဘော တင်မည့်နေရာသို့ ရွှေ့ပြောင်းပို့ဆောင်ခြင်း ဆောင်ရွက်ရပါမည်။

(ဆ) **ပြည်ပသို့တင်ပို့မည့် ကျွဲ၊ နွားများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက Micro Chip/ Ear-Tag ထည့်သွင်းတပ်ဆင်၍ မှတ်ပုံတင်ခြင်း** အနေဖြင့် ပြည်ပသို့ တင်ပို့ရန်အတွက် ဝယ်ယူစုဆောင်းထားသော ကျွဲ၊နွား အရှင်များအား ယာယီစုဆောင်းရပ်မှ ပြည်တွင်း သယ်ဆောင်ရာတွင် တရားဝင်ခွင့်ပြုချက်ဖြင့် ဝယ်ယူစုဆောင်း၍ ကျန်းမာရေးစစ်ဆေးပြီး ဖြစ်သော ကျွဲ၊ နွားများ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးပြီး ကျွဲ၊နွား များအား Micro Chip/ Ear-Tag ထည့်သွင်းပြီးမှ သယ်ဆောင် ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ ကျွဲ၊ နွားအရှင် ပြည်ပသို့ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် အထက်ဖော်ပြပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်လိုင်စင်ရရှိပြီးသည်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအတွက် ကျွဲ၊နွား တစ်ကောင်လျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် ပေးသွင်း၍

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်) မျှောစာ နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏ မျှောစာဖြင့် သယ်ဆောင်ရခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးလှိုင်မြင့်သန်း(မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း မေတ္တာရေလောင်း ဆုတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်းဖြစ်ပါတယ်။

ကျွန်တော်အနေနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ မင်းလှမြို့နယ်အတွင်းမှာရှိသော လယ်လှကျေးရွာတောင်သူများ မှီခိုစိုက်ပျိုးစားသောနေသော ယင်းရိုးကြီး ဆည်အား ရေလျှံ၍ တာဘောင်ကျိုးမည့်ဘေးမှ ကျေးရွာနေပြည်သူများအား ကာကွယ်နိုင်စေရန်အတွက် တာဘောင့်ဆင့်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မင်းလှမြို့နယ်အတွင်းရှိ လယ်လှကျေးရွာ၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ယင်းရိုးကြီးဟုခေါ်သော ဆည်ကြီးအား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပါတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ အနီးအနားကျေးရွာများမှ ပြည်သူများ၏ လုပ်အားဖြင့် တည်ဆောက်ခဲ့ပြီး ထိုဆည်ကြီးကို အမှီပြု၍ လယ်လှကျေးရွာနေ တောင်သူလယ်သမားများ လယ်များ တည်၍ စပါးများစိုက်ပျိုးစားသောက် လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ စိုက်ပျိုးစားသောက်လာရာမှ ထိုဆည်၏ တာဘောင်ကြီးမှာ ဝင်လာသောရေနှင့် ခံနိုင်ရည်မမျှတသော ကြောင့် ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် တာဘောင်ကျိုး ၍ ဆည်အောက်ရှိရွာများ ရေတိုက်စားမှုဒဏ်ကိုခံခဲ့ရပါသည်။ ထိုကဲ့သို့ တာဘောင်ကျိုးပဲ့မှုများအား မင်းဘူးဆည်မြောင်းဌာနမှ ပြန်လည်ပြုပြင်မွမ်းမံပြီး ဆည်ရေများ လျှောင်၍ ဆည်အောက်ရှိ လယ်များသို့ ရေကူများပေးကာ စိုက်ပျိုးလာခဲ့ပါသည်။ ထိုကဲ့သို့ စိုက်ပျိုးလာခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မိုးကြီးစွာ ရွာသွန်းသောကြောင့် ဆည်အတွင်းသို့ ရေများတိုးဝင်လာရာ ဆည်ဘောင် အပေါ် မျက်နှာပြင်၏ (၃)ပေခန့် အထိ ရေများတက်လာပြီး တာဘောင်ကျိုးမည့်အခြေအနေ ပေါ်ပေါက်လာပါသဖြင့် ရေလွှဲများမှထွက်သော ရေအားနှင့် မလုံလောက်ပါသဖြင့် မြောင်းမကြီးရေထွက်ပေါက်တံခါးအား ဖွင့်၍ ရေများထုတ်လွှတ်ရသည် အထိ ဆောင်ရွက်ပြီး တာဘောင်ကျိုးမည့်ဘေးကို ကာကွယ်ခဲ့ရပါသည်။ ထိုဆည်ကြီးမှ တာဘောင်ကျိုး၍ ရေများ ကျေးရွာများအနီးရှိ ချောင်းထဲသို့ စီးဝင်ပါက ကျေးရွာများပေါ်သို့ ရေလျှံပြီး ကမ်းပါး ပြိုခြင်းများ၊ အိမ်များမျောပါခြင်း၊ ကျွဲ၊ နွားများ မျောပါခြင်း၊ ဆည်အောက်ရှိရွာများဖြစ်သည့် လယ်လှကျေးရွာ၊ ကျောက်မြောင်းကျေးရွာ၊ ဒေါင်းဘုတ်ကျေးရွာနှင့် ဆင်မတောင်ကျေးရွာများအပြင် ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ စည်တိုင်းကျေးရွာ၊ မကျီးကုန်းကျေးရွာများအထိ ရေဘေးဒဏ်ကိုခံကြရပါသည်။ သို့ဖြစ်ပါသော ကြောင့် ထိုလယ်လှကျေးရွာရှိ ယင်းရိုးကြီးဆည်တာဘောင်အား လက်ရှိတာဘောင်ထက်မြင့်၍ ရေလှောင် တာတမံ ပြုပြင်ခြင်းအား ပြုလုပ်ပေးမှသာလျှင် ဆည်၏ တာဘောင်ကြီးခိုင်ခံ့၍ ဆည်အောက်ရှိကျေးရွာ များ ဘေးအန္တရာယ် ကင်းရှင်းကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ထိုဆည်ဘောင်ကြီးအား

တာဘောင်မြင့်တင်ပေးရန် လယ်လှကျေးရွာနေ ပြည်သူများနှင့် ဆည်အောက်ရှိ အခြားကျေးရွာများမှ ဆန္ဒပြုလျက်ရှိနေပါသည်။ ထိုဆည်ကြီးအား ပြုပြင်မည်ဆိုပါက ဆည်ဘောင်အရှည် (၁၈၅၀)ပေ၊ အမြင့် (၁၈) ပေ၊ တာဘောင်အကျယ် (၁၆)ပေနှင့် ရေဝပ်ဧရိယာဧက (၅၀)ရှိကြောင်းသိရှိရပါသည်။ ထိုဆည်ကြီးအား ပြုပြင်ပြီး ရေလုံလောက်စွာ ပေးနိုင်မည်ဆိုပါက စပါးစိုက်ဧကပေါင်း ယခုလက်ရှိ (၁၇၀)ဧကရှိပြီး ရေရရှိမှု အပေါ်မူတည်၍ ဆက်လက် တိုးချဲ့မည်ဆိုပါက ဧကပေါင်း(၁၀၀၀)ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် လယ်လှကျေးရွာတွင်ရှိသော ယင်းရိုးကြီးဆည်အား တာဘောင်မြင့်၍ ဆည်အောက်ရှိကျေးရွာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရာတွင် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ လယ်လှကျေးရွာအနီးရှိ ယင်းရိုးကြီးဆည်သည် ကျေးလက်ထိန်းဆည်ကန်စာရင်းတွင် ပါဝင်ပြီး ကျေးရွာဆည်ကော်မတီမှ ထိန်းသိမ်းထားရှိသော ဆည်တစ်ခုဖြစ်ပါသည်။ မိုးရာသီကာလအတွင်း ရေဝင်ရောက်မှုများပြားသဖြင့် (၃)ကြိမ်ခန့် ကျိုးပေါက်ခဲ့ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ(၅၀)အကျယ်ရှိသော အကူရေပိုလွှဲ ဖောက်လုပ်ခြင်းနှင့် တမံကျိုးပေါက်ခဲ့သော နေရာများအား မြေဖို့ခြင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဇွန်လ ဒုတိယလပတ်အတွင်း ထူးကဲမိုးရွာသွန်းမှုကြောင့် ၎င်းယင်းရိုးကြီးဆည်အတွင်း ရေဝင်ရောက်မှု များပြားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းနေသော်လည်း ကန်တွင်းရေမှတ် မြင့်တက်ခဲ့သောကြောင့် တမံထိပ်ပြင်အောက်(၃)ပေခန့်အထိ ရေရောက်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ တမံထိပ်ပြင်နိမ့်ကျနေသော အပိုင်းတွင် သက်ဆိုင်ရာဆည်ကော်မတီနှင့် ဒေသခံတောင်သူများမှ သဲအိတ်များဖြင့် ကာရံ၍ တာဘောင် မြှင့်တင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

တမံရေကြီးနေစဉ်အတွင်း ဆည်ကော်မတီနှင့် အဆက်အသွယ် ရရှိခဲ့သဖြင့် အကူရေပိုလွှဲ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုသို့ တင်ပြတောင်းခံသည့် စာရင်းတွင် ရန်ပုံငွေ ထည့်သွင်းတောင်းခံထားပြီးဖြစ်ပါသည်။ အဆိုပါ ရန်ပုံငွေအား အချိန်မီရရှိပါက ယခုပွင့်လင်းရာသီ ကာလတွင် အကူရေပိုလွှဲအား ချဲ့ထွင်ခြင်း၊ နိမ့်ချခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိခြင်း မရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ယင်းရိုးကြီးဆည် တာဘောင်မြှင့်တင်ခြင်းနှင့် တာဘောင် တောင့်တင်းခိုင်မာအောင် ပြုလုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်နှင့် အကူရေပိုလွှဲ ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းဌေး (မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် -၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးဖြစ်ပါတယ်။ ကျွန်တော်မေးမဲ့ မေးခွန်းကတော့ မြေယာများ အခြားနည်းသုံးစွဲခွင့်နှင့် မြေယာကိစ္စများ ဆောင်ရွက်ရာတွင် မြန်မာ့ရေနံမြေ

(ကျောက်ခွက်)နှင့် မြန်မာ့ရေနံမြေ သဘာဝပိုက်လိုင်းနှင့် လွတ်၊ မလွတ် ထောက်ခံချက်တောင်းခံသည့် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းသွားမည်ဖြစ်ပါ သည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြိုင်မြို့နယ်ရှိ ပြည်သူများနှင့် ဌာနဆိုင်ရာများအနေနဲ့ အခြားနည်းသုံးစွဲခွင့်နှင့် မြေယာကိစ္စများ ဆောင်ရွက်သည့်အခါ မြန်မာ့ရေနံမြေ (ကျောက်ခွက်)နှင့် မြန်မာ့သဘာဝရေနံမြေပိုက်လိုင်းနှင့် လွတ်ကင်းကြောင်း ထောက်ခံချက် လိုအပ်ပါတယ်။ လွတ်ကင်းကြောင်း ထောက်ခံချက်များကို မြန်မာ့ရေနံမြေ ရုံးစိုက်ရာ ပေါက်မြို့နယ်သို့ သွားရောက်ထောက်ခံ ချက်တောင်းခံနေရပါတယ်။

ထောက်ခံချက်ပေးသည့် ရုံးစိုက်သည့်နေရာနှင့်မြိုင်မြို့ဟာ မိုင်(၃၀)ခန့်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ် ရေးသည်လည်း ကောင်းမွန်မှုမရှိသည့်အတွက် များစွာခက်ခဲရပါတယ်။

သို့ဖြစ်ပါသောကြောင့် မြေယာများ အခြားနည်းသုံးစွဲခွင့်နှင့် မြေယာကိစ္စများဆောင်ရွက်ရာတွင် မြန်မာ့ရေနံမြေ (ကျောက်ခွက်)နှင့် မြန်မာ့သဘာဝရေနံမြေပိုက်လိုင်းနှင့် ကင်းလွတ်မှုရှိ/မရှိကို မြို့နယ်မြေစာရင်းဦးစီးဌာနမှ ထောက်ခံချက်ပေး၍ ရနိုင်ခြင်းရှိ/မရှိကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းအပ်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )**။ ။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ကိစ္စများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေအခန်း(၁၀)၊ လယ်ယာမြေကို အသုံးချခြင်းအတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းထား ရှိပါသည်-

(က) **ပုဒ်မ ၂၉** တွင် နိုင်ငံတော်၏ ရေရှည် အမျိုးသား အကျိုးစီးပွား အလို့ငှာ စီမံကိန်း လုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ သဘောထားမှတ်ချက် ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထား မှတ်ချက် ရယူကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

( ခ) **ပုဒ်မ ၃၀** တွင် အများပြည်သူ အကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ‘ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည် ’ဟူ၍ လည်းကောင်း၊ ‘ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံ ချက်ဖြင့် ခွင့်ပြုနိုင်သည်။ ’ ဟူ၍ လည်းကောင်း ပါရှိပါသည်။

( ဂ) လယ်ယာမြေနည်းဥပဒေ ၈၂ တွင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရရှိလိုသူသည် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်လွှာ (ပုံစံ-၁၄)ဖြင့်

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။

(ဃ) လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသုံးပြုလိုသည့် နည်းလမ်းအလိုက် အမှုတွဲများ ဖွင့်လှစ်ခြင်းနှင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း နည်းလမ်းများကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၂ /လယ-၅/(၀၁၇/ ၂၀၁၃)ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ အသေးစိတ် ညွှန်ကြားခဲ့ပြီးဖြစ်၍ အဆိုပါ ညွှန်ကြားချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ ဆောင်ရွက်လျက် ရှိပါသည်။

(င) ယင်းသို့ ဆောင်ရွက်ရာတွင် လျှောက်ထားသည့် အကြောင်းအရာပေါ် မူတည်၍ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ ရယူဆောင်ရွက်ရာတွင် အဆိုပါ ထောက်ခံချက်များအား သက်ဆိုင်ရာဌာနမှ ထောက်ခံပေးရမည်ဖြစ်ပါသည်။

(စ) သို့သော် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဌာနဆိုင်ရာ ထောက်ခံချက်အချို့အား ထောက်ခံ ဆောင်ရွက်ပေးမည်ဆိုပါက ထောက်ခံ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြိုင်မြို့နယ်အတွင်း လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ရာတွင် လိုအပ်သည့် ဌာနဆိုင်ရာ ထောက်ခံချက်များအား သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ထောက်ခံ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ကျောက်ခွက်ရေနံမြေနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဇရိယာနှင့် ကင်းလွတ်မှု ရှိ/မရှိ ထောက်ခံချက်အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ထောက်ခံပေးမည်ဆိုပါက ထောက်ခံ ဆောင်ရွက်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်လွင်(ဆင်ပေါင်ဝဲ မြို့နယ်မြဲဆန္ဒနယ်အမှတ် - ၂)။** ။ လေးစားအပ်ပါသော မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမှာကတော့ (၁) ဖိမ့်ဆည်၊ (၂) စမ်းအိုင်ဆည် ၊ (၃) ချောင်းကောက် ပင်နားဆည်တို့၏ ကျန်ရှိနေသော မြေသားမြောင်းများအား ကွန်ကရစ်မြောင်းအဆင့်သို့ ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်နေသောဆိုတဲ့ မြေသားမြောင်းကို ဖော်ပြရလျှင် သတ္တမအကြိမ်ပုံမှန်အစည်းအဝေးတွင် ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်မှာရှိတဲ့ (၁) ဖိမ့်ဆည်၊ (၂) ကုန်းဘိုဆည်၊ (၃) စမ်းအိုင်ဆည်၊ (၄) ချောင်းကောက် ပင်နားဆည်ဆိုပြီး ဆည်(၄)ဆည်၏ မြေသားမြောင်းများအစား ကွန်ကရစ်မြောင်းအဖြစ် လုပ်ပေးနိုင်တဲ့ အတိုင်းအတာကို ဆောင်ရွက်ပေးပါရန် ကျွန်တော် တောင်းဆိုခဲ့ပါတယ်။ ယင်းသို့ သတ္တမအကြိမ်ပုံမှန်အစည်းအဝေးမှာ တောင်းဆိုမှုအပေါ် စိုက်ပျိုးမွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးက ၂၀၁၈-၁၉ Mini Budget မှာ တတ်နိုင်သလောက် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဆောင်ရွက်ပေးတဲ့ နေရာမှာလည်း ဆည်(၄)ဆည်ထဲက ကုန်းဘိုဆည်သာလျှင် ပေအရှိအတိုင်း အားလုံးပြီးတာကို တွေ့ရပြီး ကျန်ရှိနေသော ဆည်(၃)ဆည်၏ ပေများမှာ ဖိမ့်ဆည်မှာ ပေ(၃၀၀၀) ၊ စမ်းအိုင်ဆည်မှာ ပေ(၂၅၀၀)၊ ချောင်းကောက်ပင်းနားဆည်မှာ ပေ(၁၂၀၀) အသီးသီးကျန်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ သတ္တမအကြိမ်ပုံမှန်အစည်းအဝေးတွင် တောင်းဆိုထားမှုကြောင့် ဆောင်ရွက်ပေးပြီး ကျန်ရှိနေသော မြေသားမြောင်းများအား ကွန်ကရစ်မြောင်းအဆင့်သို့ ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးထံသို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြတောင်းဆိုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ ဖိမ့်ရေလွှဲဆည် ရေပေးတူးမြောင်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခဲ့ပြီး တူးမြောင်းလိုင်နင်(၃၆၅)ပေ ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းတူးမြောင်းမှာ မြင့်မားပြီး ပြင်ပရေများ နှစ်စဉ်ဝင်ရောက်မှုကြောင့် သဲနုန်းများ ပို့ချလျက်ရှိပါသည်။ ၎င်းရေပေးတူးမြောင်းကို ၂၀၁၈ - ၂၀၁၉ ခု (ဧပြီမှ စက်တင်ဘာ) ပထမ (၆)လ ဘဏ္ဍာရေးနှစ်တွင် တူးမြောင်းလိုင်နင် (၆၂၁)ပေအား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ စိုက်ဧက (၂၀၀)ခန့်အား စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရန်နှင့် ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် တူးမြောင်းအလျား (၃၀၀၀) ပေအား လိုင်နင်ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စမ်းအိုင်ရေလွှဲဆည် ရေပေးတူးမြောင်းကို ၂၀၁၈ - ၂၀၁၉ ခု (ဧပြီမှ စက်တင်ဘာ) ပထမ (၆) လ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးမြောင်းလိုင်နင် (၁၆၁)ပေအား ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။ စမ်းအိုင်ရေလွှဲဆည်တူးမြောင်းမှာ မြင့်မားပြီး ဘေးနှစ်ဘက်မှ မြေပြိုကျမှုကြောင့် သဲနုန်းများပို့ချလျက်ရှိပါသည်။ တူးမြောင်းအလျား (၂၅၀၀) ပေအား လိုင်နင်စီပေးခြင်းဖြင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ပြီး ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းမည်ဖြစ်ပါသည်။

ချောင်းကောက်ပင်းနားဆည်၏ ရေထုတ်ပြွန်အထွက်ပိုင်း တူးမြောင်းကို ၂၀၁၈ - ၂၀၁၉ ခု (ဧပြီမှ စက်တင်ဘာ) ပထမ(၆)လ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးမြောင်းလိုင်နင်(၆၄၅)ပေအား ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ပါသည်။ ချောင်းကောက်ပင်းနားဆည်၏ ရေထုတ်ပြွန် အထွက်ပိုင်း တူးမြောင်းမှာ သဲဆန်သောမြေ ဖြစ်သည့်အပြင် မိုးရာသီကာလတွင် ပြင်ပရေများ စီးဝင်မှုကြောင့် တူးမြောင်းအတွင်း သဲနုန်းပို့ချလျက်ရှိသဖြင့် တူးမြောင်းအလျား(၁၂၀၀)ပေအား လိုင်နင်စီခြင်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တောင်သူများနှင့်ညှိနှိုင်း၍ သဘောတူညီမှုရရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိပါ က ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။